# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး

# ပထမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အစီအစဉ်များ စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ် တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာ မပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးဖို့ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကိုတိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ ကတိသစ္စာတိုင်ပေးတဲ့အခါမှာ ကျွန်ုပ်ရဲ့နောက်မှာ မိမိရဲ့အမည်ကို ထည့်ပြီး တစ်ခါတည်း ရွတ်ဖို့ ဖြစ်ပါတယ်။ ယခု တိုင်ပေးပါမယ်။

**ဥက္ကဋ္ဌ**။ ။ "ကျွန်ုပ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၇၁၉၁ ဒုတိယ ဗိုလ်မှူးကြီးမင်းသူ၊ ကြည်း ၃၂၄၇၅ ဗိုလ်မှူးဇော်လင်းအောင်၊ ကြည်း ၃၃၅၁၈ ဗိုလ်မှူးမျိုးမောင်သိန်း သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

အားလုံးထိုင်နိုင်ပါပြီ။ တပ်မတော်သားကိုယ်စားလှယ်များ နေရာ ပြန်ယူဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်း အဝေးကို (၁၉၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၈၂)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ နည်း ဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အစီအစဉ်ကို အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ သမီးဆေးရုံတက်။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ပြည်ပခရီးစဥ်။ ဦးဆန်းရယ်၊ ကယား(၅)၊ ပြည်ပခရီးစဥ်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ပြည်ပခရီးစဥ်။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ပြည်ပခရီးစဥ်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ပြည်ပခရီးစဥ်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ပြည်ပခရီးစဥ်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသန်းဆွေ၊ မကွေး(၇)၊ ဆေးကုသမှုခံ။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ နာဂရိုးရာပွဲတော်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ မိခင်အရေးပေါ် ဆေးရုံတင်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ ဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်၊ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်၊ သင်တန်းတက်။ ဗိုလ်မှူးနေမျိုးကျော်၊ တပ်မတော်၊ သင်တန်းတက်။ ဗိုလ်မှူးမျိုးမင်းသန့်၊ တပ်မတော်၊ သင်တန်းတက်။ ဗိုလ်မှူး အောင်နိုင်ဦး၊ တပ်မတော်၊ သင်တန်းတက်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ မိခင် အရေးပေါ်ဆေးရုံတက် ခွဲစိတ်ကုသ။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ဒင် (ခ) ဦးဒွေးရယ်၊ ကယား(၂)၊ ကျန်းမာရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ပြည်ပခရီးသွား။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော် က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို ယခုလို ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံစွာ တက်ရောက်လာကြတာ တွေ့ရတဲ့အတွက် ဝမ်းမြောက်ကြောင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ယခု ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးက စပြီးတော့ အမျိုးသားလွှတ်တော်ရုံးမှာ ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက်နဲ့ လုပ်ငန်းအကူ အဖွဲ့ကို ဖွင့်လှစ်ထားရှိမှာ ဖြစ်ပါတယ်။ ယင်းအဖွဲ့အနေနဲ့ ကိုယ်စားလှယ်များ သိရှိလိုတဲ့ အကြောင်းအရာ အချက်အလက်တွေကို အင်တာနက်ကလည်းကောင်း၊ စာအုပ်စာတမ်းများက လည်းကောင်း၊ ဘာသာရပ် ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှလည်းကောင်း ရှာဖွေပေးခြင်းနဲ့ ကွန်ပျူတာ စာစီခြင်း၊ Copy ကူးခြင်း အပါအဝင် လိုအပ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ရုံးလုပ်ငန်းဆိုင်ရာကိစ္စ များကို အကူအညီ ပေးသွားမှာ ဖြစ်ပါတယ်။ ဒီ အဖွဲ့ဟာ အမျိုးသားလွှတ်တော်ရုံး ဖွဲ့စည်းပုံမှာ မပါရှိ သော်လည်း ထုတ်နုတ်ဝန်းထမ်းအင်အားနဲ့ ကိုယ်စားလှယ်များအတွက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ သုတေသနပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးရဲ့ ကွပ်ကဲမှုအောက်မှာ ရှိပြီး အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ရဲ့ အကူအညီကို ရယူ ဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးပြောကြားအပ်ပါတယ်။ ဝန်ထမ်းအခက်အခဲကြောင့် တတ်နိုင် သမျှ ကူညီဆောင်ရွက်မှာဖြစ်ပြီး စိတ်ရှည်သည်းခံကြဖို့လည်း တစ်ပါးတည်း မေတ္တာရပ်ခံလိုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် ဥက္ကဋ္ဌနေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် အစားထိုး ဖွဲ့စည်းခြင်းနှင့် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီတွင် ဥက္ကဋ္ဌနေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ကျော်ဦးလွင် အစား ယင်းကော်မရှင်၏ အတွင်းရေးမှူး တာဝန်ထမ်းဆောင်တဲ့ ဦးမြင့်သိန်း ကို အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ဒေါက်တာထွန်းနိုင် (ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အဖွဲ့ဝင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ)နှင့် ဒေါက်တာနီလာသိန်း၊ ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ Consultant, Carolina Group Co, Ltd တို့ကို အဖွဲ့ဝင်များအဖြစ်တိုးချဲ့ဖွဲ့စည်းခြင်းကို လည်းကောင်း၊ ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးမောင်မောင်ထူး အစား ဗိုလ်မှူးချုပ်ကျော်ဦးလွင် အား လည်းကောင်း၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီတွင် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူး အစား ဗိုလ်မှူးချုပ် ကျော်ဦးလွင် အားလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းကို လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင် မှာ ဥက္ကဋ္ဌနေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် အစားထိုးဖွဲ့စည်းခြင်းနှင့် မဟာဗျူဟာ လေ့လာရေးနှင့် သုတေသနကော်မတီတွင် ဥက္ကဋ္ဌနေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေ ရေးရာကော်မရှင်တွင် ဥက္ကဋ္ဌနေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် အစားထိုးဖွဲ့စည်းခြင်းနှင့် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီတွင် ဥက္ကဋ္ဌနေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**မင်းဘူး(စကု)မြို့နယ်၊ ကမ်းနီလျှပ်စစ်မြစ်ရေတင်စီမံကိန်းရှိ ပင်မမြောင်းသဲနုန်းများ တင်နေမှုအား ပြန်လည်တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦး က မင်းဘူး(စကု) မြို့နယ်၊ ကမ်းနီ လျှပ်စစ်မြစ်ရေတင် စီမံကိန်းရှိ ပင်မမြောင်း သဲနုန်းများတင်နေမှုအား ပြန်လည်တူးဖော် ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သူဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းဘူး(စကု)မြို့နယ်ရှိ ကမ်းနီမြစ်ရေတင်စီမံကိန်းရှိ ပင်မမြောင်းသဲနုန်းများ တင်နေမှုအား ပြန်လည်တူးဖော်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကမ်းနီလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ကမ်းနီ၊ ရွာသာယာ၊ ထိန်တော၊ ပိုက်တင်ကျေးရွာ(၄)ရွာမှ ကွင်းအမှတ်(၁၄၁၂)၊ (၁၄၁၃)နှင့် (၁၄၂၇) ကွင်းတို့ရှိ ဧက(၅၂၀)အား ၁၉၉၅ ခုနှစ်မှစ၍ ရေပေးဝေခဲ့ပါတယ်။ ထိုသို့ရေပေးဝေရာတွင် တစ်ပေအကျယ်ရှိ ရေတင်မော်တာ(၄)လုံးဖြင့် ပင်မမြောင်းမကြီးလက်တံ(၁)၊ လက်တံ(၂)၊ လက်တံ(၃)၊ လက်တံ(၄)၊ လက်တံ(၅)တို့ဖြင့် ဖြန့်ဝေပေးခဲ့ရာ ယခု အခါ (၁၈)နှစ်ခန့်ကြာပြီဖြစ်ပါသဖြင့် ရေတင်မော်တာ(၄)လုံးအနက် ရာသီအလိုက် ရေစတင်ပေးချိန်မှာ (၃)လုံး လည်ပတ်ပေးပြီး တစ်ပတ်ခန့်နောက်ပိုင်းတွင် တစ်ပြိုင်နက်(၂)လုံးစီဖြင့် တလှည့်စီသာပေးနိုင်ခဲ့ပါတယ်။ ရေမော်တာများမှာ သက်တမ်းကြာပြီ ဖြစ်ပါသဖြင့် စွမ်းအားများကျဆင်းနေပြီ ဖြစ်ပါတယ်။ ပင်မမြောင်းမကြီးတွင် လက်တံ(၃)နှင့် လက်တံ(၄)တို့အကြားတွင် ပေ(၂၅၀၀)ခန့်သည် သဲနုန်းများ ပြည့်လာခဲ့ပါသဖြင့် ပြန်လည်ဖယ်ရှားခဲ့သော်လည်း မူလအတိုင်း ရေစီးရေလာကောင်းသည်အထိ ပုံစံတကျ မဖယ်ရှားနိုင်ခဲ့ပါသဖြင့် မိုးရွာတိုင်း သဲနုန်းများ ပြန်ပြည့်ခဲ့ရပါသဖြင့် ထိုသဲနုန်းများ ပြည့်နေသောနေရာ အောက်ဘက်ရှိ လက်တံ(၄)နှင့် လက်တံ(၅)တို့ရှိ ဧက(၁၇၀)ခန့်မှာ ရေပေးဝေနိုင်ခြင်း မရှိခဲ့ပါ။ ထို့အပြင် လက်တံ(၄)မြောင်းနှင့် နောက်ဖက်တွင် ရေနုတ်မြောင်း ချောင်းရိုးငယ်တစ်ခုလည်း ရှိသည့်အတွက် မိုးရွာသွန်းလာပါက ထိုမြောင်းငယ်ကလည်း မိုးရေများကျလာသဖြင့် နုန်းများ ပြည့်လာသည့်အတွက် ပင်မမြောင်းမကြီးထဲသို့ သဲနုန်းများ ဝင်ရောက်လာလေ့ရှိသဖြင့် မိုး ရွာတိုင်း ပင်မမြောင်းမှာ သဲနုန်းများ ပြည့်လာလေ့ ရှိပါတယ်။

သို့ဖြစ်ပါ၍ ကမ်းနီလျှပ်စစ်မြစ်ရေတင်စီမံကိန်းရှိ လက်တံ(၄)နှင့် လက်တံ (၅)ရှိ လယ်ဧက (၁၇၀)ခန့် ရေရရှိရေးအတွက် ကမ်းနီမြစ်ရေတင်လျှပ်စစ်စီမံကိန်း ပင်မမြောင်း၏ လက်တံ(၃) နှင့် လက်တံ(၄) အကြားရှိ သဲနုန်းများတင်နေမှုအား သဲနုန်းများ ပြန်လည်တူးဖော်ပေးခြင်း၊ သဲနုန်းပို့ခြင်းမှ ရေရှည်ကာကွယ်နိုင်ရန် ရေထုတ်ပြွန်များ တပ်ဆင်ပေးခြင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့်

သက်တမ်းကြာပြီး စွမ်းရည်များ ကျဆင်းနေသော ရေတင်မော်တာများအား စွမ်းရည်ပြည့်သော ရေတင်မော်တာများနဲ့ ပြောင်းလဲတပ်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိ ကို သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ။ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များ အားလုံးကို မင်္ဂလာနှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ မကွေးတိုင်း မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သူဦး ၏ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော် မှ ဥက္ကဋ္ဌကြီး ရဲ့ ခွင့်ပြုချက်အရ ဖြေကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်ရှိ ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်း အကျိုးပြုဧက (၉၀၁)ဧကအား ၁၉၇၉ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ပင်မမြောင်းအကြား(၁၃၈၀၀)ပေ၊ လက်တံမြောင်း(၅)ခု၊ အလျား(၂၈၀၀၀)ပေ၊ ရေတား၊ ရေကျ၊ ရေသွယ်လျှောက်နှင့် ရေနုတ်မြောင်းများ ပြည့်စုံစွာ တည်ဆောက်ခဲ့ပြီး ၁၉၈၃ ခုနှစ်မှ စတင်၍ ရေပေးဝေခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်တွင် မိုးသီးနှံ (၅၆၀)ဧက ရေပေးဝေ စိုက်ပျိုးရိတ်သိမ်းခဲ့ပြီး ဖြစ်ပါတယ်။ ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရေသောက်ဧရိယာရှိ မြေသဘာဝသည် သဲဆန်သောမြေ ဖြစ်ခြင်း၊ ပင်မမြောင်းနှင့်အပြိုင် တူးဖော်ထားသော ရေနုတ်မြောင်းမှာ တိမ်ကောလာခြင်းတို့ကြောင့် မိုးသည်းထန်စွာ ရွာသွန်းသည့်အချိန်တွင် အပြည့်အဝ ရေနုတ်ယူနိုင်မှုမရှိဘဲ ပင်မမြောင်းအတွင်းသို့ ရေပို ရေလျှံများ ဝင်ရောက်၍ သဲနုန်းများပို့ချခြင်း နှစ်စဉ် ဖြစ်ပေါ်ခဲ့ပါတယ်။ ယမန်နှစ် ၂၀၁၃ ခုနှစ် မိုးရာသီတွင် လက်တံ(၃)နှင့် လက်တံ(၄)အကြား ပင်မမြောင်း ပေတိုင်(၆၅၀၀)မှ ပေတိုင်(၇၉၀၀)အတွင်း သဲနုန်းများ ဝင်ရောက်ခဲ့ရာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလကုန်တွင် ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ပင်မမြောင်းအတွင်း သဲနုန်း ဝင်ရောက်မှု ထပ်မံမဖြစ်ပေါ်စေရန်အတွက် မူလစီမံကိန်း တည်ဆောက်စဉ်က တူးဖော်ခဲ့သော တိမ်ကောနေသော အလျား(၁၈၅၀)ပေရှိ ရေနုတ်မြောင်းအား မူလအတိုင်း ရေစီးဆင်းမှု ကောင်းမွန်စေရန်အတွက် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် ပြီးစီးမည် ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ မိုးရာသီအတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ စမ်းကုန်းချောင်း ရေတိုက်စားမှုကြောင့် လက်တံ(၄)နှင့် လက်တံ(၅)အကြားရှိ ရေသွယ်လျောက် အဝင်နှင့်အထွက် မြောင်းဘောင်များ ပျက်စီးခဲ့သဖြင့် လက်တံ(၅)မြောင်းရှိ လယ်ဧက(၁၇၀)တို့ကို ရေပေးဝေနိုင်ခြင်း မရှိခဲ့ပါ။ အဆိုပါ ရေသွယ်လျောက် ပျက်စီးမှုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်လျက်ရှိရာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် ပြီးစီးမည် ဖြစ်ပါသည်။ ဆက်လက်၍ လက်တံ(၅)မြောင်း ပြုပြင်ခြင်းကို ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် ဆောင်ရွက်ရန် လျာထားပြီးဖြစ်ရာ ၂၀၁၄ ခုနှစ်၊ မိုးသီးနှံကို စိုက်ပျိုးရေ ပေးဝေသွားနိုင်မည် ဖြစ်ပါတယ်။ ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် ဂျာမဏီနိုင်ငံလုပ် 160 kW, Motor နှင့် 9Cusec, Pump(၄)စုံ တပ်ဆင်ထားရှိပြီး၊ ၁၉၈၃ ခုနှစ်မှာ စတင်၍ ရေပေးဝေရေး ဆောင်ရွက် ခဲ့ရာ မော်တာနှင့်ပန့်များမှာ သက်တမ်း(၃၀) နှစ်ရှိပြီ ဖြစ်ပါတယ်။

ရန်ပုံငွေအခက်အခဲကြောင့် မော်တာနှင့် ပန့်များ အသစ်လဲလှယ်နိုင်ခြင်း မရှိသော်လည်း နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းမှုရန်ပုံငွေ ထည့်သွင်းလျာထား၍ ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ရေပေးဝေရန် ဆက်လက်အသုံးပြုနိုင်သော အခြေအနေ ရှိပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြေကြားချက်နှင့် ပေါင်းစပ်၍ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကင်းဝန်မင်းကြီး၏ ပုံနှိပ်ထုတ်ဝေပြီး ဥပဒေကျမ်း စာအုပ်များနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစောမော်ထွန်း က ကင်းဝန်မင်းကြီး၏ ပုံနှိပ်ထုတ်ဝေပြီး ဥပဒေကျမ်း စာအုပ်များနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များ အားလုံးနှစ်သစ်မင်္ဂလာမှာ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ လွှတ်တော်နဲ့ အစိုးရသစ် ပေါ်ထွန်းလာပြီးနောက်ပိုင်းမှာ ယနေ့အထိ ဥပဒေစုစုပေါင်း(၇၆) ချပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ ဥပဒေ(၁၅)ခု၊ ၂၀၁၂ ခုနှစ်မှာ (၂၄)ခု၊ ၂၀၁၃ ခုနှစ်မှာ(၃၇)ခု စုစုပေါင်း(၇၆)ခု ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီး ဌာနများကလည်း နည်းဥပဒေ (၈)ခုကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ၃၁-၁၂-၂၀၀၉ နေ့အထိ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေများမှာ ကျွန်တော်တို့ ကာလ(၆)ခု ရှိပါတယ်။ မြန်မာနိုင်ငံဥပဒေအတွဲ(၁)ကနေ (၁၃)အထိ ပါရှိတဲ့ ဥပဒေတွေကတော့ ပြဋ္ဌာန်းဥပဒေ(၄၃၅)ခု၊ ရုပ်သိမ်းပြီး ဥပဒေ (၂၂၁)ခုနဲ့ တည်ဆဲဥပဒေ (၂၁၄)ခု ရှိပါတယ်။ ပါလီမန်ကာလ ၁၉၅၅-၁၉၆၂ ခုနှစ်မှာ ပြဋ္ဌာန်းဥပဒေ (၃၃၄)ခုရှိပြီး ရုပ်သိမ်းပြီး ဥပဒေဟာ (၁၆၃) ဖြစ်တဲ့အတွက် တည်ဆဲဥပဒေများဟာ (၁၇၁)ခု ရှိပါတယ်။

တော်လှန်ရေးကောင်စီကာလ ၁၉၆၂-၁၉၇၄ မှာ ပြဋ္ဌာန်းဥပဒေ (၁၈၂) ခု ရုပ်သိမ်းပြီး (၇၂)ခု ရှိတဲ့အတွက် တည်ဆဲဥပဒေဟာ(၁၁၀) ဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်ကာလ(၁၉၇၄) ၁၇-၉-၈၈ ထိကို ပြဋ္ဌာန်းသည့်ဥပဒေ(၁၂၅)ခုရှိပြီး ရုပ်သိမ်းပြီး ဥပဒေဟာ(၃၄)ခုဖြစ်တဲ့အတွက် တည်ဆဲဥပဒေဟာ(၉၁)ခု ကျန်ရှိပါတယ်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကာလ ၁၈-၉-၈၈ ကနေပြီး ၁၄-၁၁-၉၇ အထိကို ပြဋ္ဌာန်းဥပဒေ(၁၃၉)ခုကို ရုပ်သိမ်းပြီးဥပဒေ(၉)ခု ဖြစ်တဲ့အတွက် တည်ဆဲဥပဒေ များဟာ(၁၃၀) ကျန်ရှိပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီ ကာလ ၁၅-၁၁-၁၉၉၇ ကနေ ၃၀-၁၂-၂၀၀၉ အထိကို ပြဋ္ဌာန်းဥပဒေများဟာ (၈၇) ခု ရှိပါတယ်။

ဒါကြောင့် ယနေ့အထိ စုစုပေါင်း ခေတ်အဆက်ဆက်ပြဋ္ဌာန်းတဲ့ ဥပဒေပေါင်း(၁၃၀၂)ခု ရှိပြီးတော့ ရုပ်သိမ်းပြီး ဥပဒေဟာ (၄၉၉)ခု ရှိတဲ့အတွက် ယနေ့အထိ တည်ဆဲဥပဒေများဟာ (၈၀၃)ခု တည်ရှိကြောင်း ဦးစွာပမာဏ တင်ပြအပ် ပါတယ်။

ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ကင်းဝန်မင်းကြီးရဲ့ ပုံနှိပ်ထုတ်ဝေပြီးတဲ့ ဥပဒေစာအုပ် များနဲ့ပတ်သက်ပြီး မေးမြန်းဖို့ဖြစ်ပါတယ်။ ကင်းဝန်မင်းကြီး ဆိုတာကတော့ ကျွန်တော်တို့ မင်းတုန်းမင်းကြီး လက်ထက်မှာ ဝန်ရှင်တော် အဂ္ဂမဟာသေနာပတိသေနတ်ဝန် ကင်းဝန်လယ်ကိုင်းမြို့စား၊ သတိုးမင်းကြီး မဟာမင်းလှစည်သူဘွဲ့ ရသူ ဖြစ်ပြီးတော့ သီပေါမင်းလက်ထက်မှာတော့ သတိုးသုဓမ္မမင်းကြီး မဟာ သက်တော်ရှည်ဘွဲ့ ရရှိခဲ့သူ ဖြစ်ပါတယ်။ အင်္ဂလိပ်အစိုးရလက်ထက်မှာတော့ CSI အိန္ဒိယအင်ပါယာ မဟာမိတ်ကြီးဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးများနဲ့ ချီးမြှင့်သူကောင်းပြုခံရတဲ့ နိုင်ငံရေးသုခမိန်ကြီး ဦးကောင်း ကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ပါတော်မူနေ့ ကစပြီးတော့ အငြင်းပွားမှု ပြစ်တင်မှုအခံရဆုံးသော ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်ပါတယ်။ ဒီကင်းဝန်မင်းကြီးဟာ ပုရပိုက်ပေါင်း(၇၀၀)ကျော်၊ တချို့ကလည်း တစ်ထောင်ကျော် လို့ မှုကွဲများလည်း ရှိပါတယ်။

အဲဒီမှာ တရားစီရင်ရေးဥပဒေနဲ့ ပတ်သက်ပြီး ပုရပိုက်ပေါင်း (၁၅၀)ကျော် တွေ့ရှိရပါတယ်။ ကမ္ဘာလေးရပ်တရားစီရင်ထုံး၊ ရောင်းဝယ်ခြင်း၊ အိမ်ရာမီးသင့် တရား၊ သစ္စာဖောက်တရား၊ မြို့မှုခန်း ကောက်နှုတ်ချက်၊ တရားရေးဥပဒေ၊ အဂတိ မလိုက်စားဘဲ တရားစီရင်ရေးဥပဒေ၊ တရားသူကြီးများ လိုက်နာရန် တာဝန်ဝတ္တရားများနဲ့ ပတ်သက်၍ ခုံတော်သို့ ပေးအပ်ရန်ဥပဒေ၊ အလုပ်တော်၊ အဆောင်တော် ဥပဒေဘုရား၊ စုံညီညှိနှိုင်းချက်ဥပဒေဘုရား စသည်တို့ ထင်ရှားခဲ့ပါတယ်။ ရှေးပဒေသရာဇ်မင်းတွေဟာ ဒီလိုဓမ္မသတ်၊ ရာဇသတ်တွေ ရှိပေမယ့်လည်း လိုက်နာရန် ပျက်ကွက်တဲ့ မင်းတွေလည်း ပေါ်ပေါက်ခဲ့ဖူး ပါတယ်။ ဒါကြောင့် Consitutional Mornachy လို့ခေါ်တဲ့ ဥပဒေပြုမင်း ပေါ်ပေါက်ဖို့အတွက် ရိုးရာ ဒီမိုကရေစီကို အကောင်အထည်ဖော်ရန် အားထုတ်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဓမ္မသတ်ကို ရာဇသတ် ချုပ်တယ်၊ ရာဇသတ်ကို ကတိကဝတ်ချုပ်တယ်ဆိုတဲ့ တရားဥပဒေဆိုရိုး စကားလည်းရှိပါတယ်။ မင်းကြီး ပြုစုခဲ့တဲ့(၃၆)စောင်တွဲ ဓမ္မသတ်ဟာ အထူးထင်ရှားလှပါတယ်။ ဓမ္မသတ်တွေ သာမက အထွေထွေဥပဒေ များကိုလည်း အင်္ဂလိပ်အစိုးရလက်ထက်မှာ ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။

အစည်းအဝေးဥပဒေ၊ နိုင်ငံခြားရေးဥပဒေ၊ အခွင့်အရေးအကျိုးခံစားခွင့်ဥပဒေ၊ အခွန်တော် ကြီးကြပ်ရေးဥပဒေ၊ သာသနာရေးဥပဒေ၊ သန်းခေါင်စာရင်းဥပဒေ၊ ပြဲတိုက်တော်ဥပဒေ၊ မြေယာနှင့် အခွန်ဥပဒေ၊ တရားတော် မြေဥပဒေ၊ ခုံရုံးအခွန်တော်ဥပဒေ၊ ရာဇသတ်ဥပဒေ၊ မြို့ရွာအုပ်ချုပ်မှုဥပဒေ၊ ခရိုင်ဝန်ဥပဒေ၊ နိုင်ငံခြားဆက်သွယ်ရေးဥပဒေ၊ ရာဇဝတ်မှုဥပဒေ၊ အကောက်တော်ဥပဒေ၊ ပထမပြန်

စာမေးပွဲ ဥပဒေ၊ မြန်မာသံတမန်ဥပဒေ၊ တပ်မြေဥပဒေ၊ ရွှေလွှတ်တော်ဥပဒေ၊ တံဆိပ်တော်ခေါင်းဥပဒေ၊ အောက်မြန်မာနိုင်ငံဆိပ်ကမ်းဥပဒေ၊ ပုံနှိပ်တိုက်ဥပဒေ၊ တရားရုံးတော်ဥပဒေ၊ ပြည်သူ့လုပ်ငန်းဥပဒေ၊ အီတာလျံကုန်သွယ်မှုဖက်စပ်ဥပဒေ၊ လက်နက်ဥပဒေ၊ ခဲယမ်းမီးကျောက်ဥပဒေ၊ နယ်ခြားကင်းစခန်းနှင့် အကောက်တော်ဥပဒေ၊ အကျဉ်းသားဟောင်းများဥပဒေ၊ အကျဉ်းထောင်ဥပဒေ၊ ဖမ်းဆီးမိန့်နှင့်အချုပ်ဥပဒေ၊ မဟာဒါနိုဝန်ဥပဒေ၊ အဂတိ လိုက်စားမှုဥပဒေ၊ ယစ်မျိုးဥပဒေ၊ မြို့ပြဆိုင်ရာဥပဒေ၊ ငွေကြေးဥပဒေ၊ ထောက်လှမ်းရေးဥပဒေ၊ ကုန်စည်ပစ္စည်းဥပဒေ၊ ဈေးဥပဒေ၊ ကျောက်စိမ်းတွင်းဥပဒေ၊ သတင်းဆုတော်ဥပဒေ၊ ရေကြောင်းသွားလာရေးဥပဒေ၊ မြို့ပြစီမံကိန်းဥပဒေ၊ တူးမြောင်းဥပဒေ လက်အောက်ခံအကြီးအကဲဥပဒေ၊ အမှုတော်ထမ်းဥပဒေ၊ ဥပဒေကြမ်းရေးဆွဲရေးနှင့် ပြင်ဆင်ရေးဥပဒေ ဆိုပြီးတော့ ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။

ဝန်ကြီးတို့ပြည့်စုံရန် ဥပဒေဘုရားဥပဒေမှာ ဥပဒေမင်းဖော်ဆောင်ရန် အဂတိတရား(၄)ပါး၊ တံစိုး(၃)ပါး မလိုက်စားမှုဟူ၍ အမှုခပ်သိမ်းကို စီရင်ဆုံးဖြတ်ခြင်း စတဲ့ အချက်(၁၈)ချက်ပါ ဥပဒေကို မင်းတုန်းမင်းတရားကြီးလက်ထက်မှာ ထုတ်ပြန် ခဲ့ပါတယ်။ ဖော်ပြပါအချက်များအရ ကင်းဝန်မင်းကြီး၏ ရည်ရွယ်ချက်နဲ့ လုံ့လဝိရိယကို အလေးဂရုပြုမိမှာ ဖြစ်ပါတယ်။ ပုံနှိပ်ပြီး စာအုပ်ကိုပင် ထပ်မံပုံနှိပ်ဖို့ အခက်အခဲ ရှိနိုင်ပါတယ်။

ဒါကြောင့် ကင်းဝန်မင်းကြီးရဲ့ ပုံနှိပ်ထုတ်ဝေပြီးတဲ့ ဥပဒေစာအုပ်များကို နိုင်ငံတော်က မော်ကွန်းတိုက်၊ အမျိုးသားပြတိုက်၊ စာကြည့်တိုက်တို့မှာ စုဆောင်းထားရှိထားခြင်း၊ ပြသထားခြင်း ရှိမရှိနဲ့ ရှိပါက အများပြည်သူ လေ့လာနိုင်ရန် လွှတ်တော်သုံးရပ်ရှိ စာကြည့်တိုက်နဲ့ သက်ဆိုင်ရာ ပြတိုက် အသီးသီးမှာ စုဆောင်းပြသနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဦးသန်းဆွေ (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကင်းဝန်မင်းကြီး ပြုစုခဲ့တဲ့ ကျမ်းတွေ၊ စာတွေကတော့ အများကြီးဖြစ်ပါတယ်။ တချို့ကိုလည်း ခုနက ကိုယ်စားလှယ်တော်ကြီးက ဖတ်ကြားသွားပြီးပါပြီ။ ကဗျာမှာဆိုရင်လည်း ခုနက ဖတ်ကြားသွားတဲ့အပြင် ကဗျာမှာဆိုရင် ရတု၊ အိုင်ချင်း၊

ရကန်၊ သဖြန်၊ တေးထပ်၊ ဧချင်း၊ မော်ကွန်း၊ လူးတား၊ ပျို့ စသည်ဖြင့် မြန်မာစာပေလောကမှာ အများအပြား ရှိခဲ့ပါတယ်။ ထင်ပေါ်တဲ့ကျမ်းများမှာ စကားပြေဖြင့်ရေးတာ ဆိုရင်တော့ လန်ဒန်သွားနေ့စဥ်မှတ်တမ်း၊ ပြင်သစ်သွားနေ့စဥ်မှတ်တမ်း၊ ဓမ္မသတ်မှာဆိုရင် ဓမ္မသတ်(၃၆)စောင်ချုပ်၊ အမွေမှုဓမ္မသတ်၊ အိမ်မှု ဓမ္မသတ်ကျမ်းတို့နှင့် အခြားစာပေများဖြစ်တဲ့ တိဏ္ဍုကပျို့၊ ရတနာနဒီမော်ကွန်း၊ ဓမ္မသတ်လင်္ကာများ၊ အဋ္ဌသံခေပဝဏ္ဏနာ၊ ပကိဏ္ဏကဓမ္မသတ်လင်္ကာတို့ ပါဝင်ပါတယ်။ ဂီတမှာဆိုရင်လည်း တျာချင်း၊ ယိုးဒယား၊ ပတ်ပျိုး၊ ဟန်ချင်းများ ရေးသားခဲ့ပါတယ်။

အဲဒီစာအုပ်များအနက်က The Superintend, Government Printing Rangoon, Burma မှ 1899 ခုနှစ်မှာ ပုံနှိပ်ထုတ်ဝေတဲ့ A DIGEST OF THE BURMESE BUDDHIST LAW, CONCERNING INHERITANCE AND MARRIAGE, VOLUME II, MARRIAGE စာအုပ်အား ယဥ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ မန္တလေး ယဥ်ကျေးမှုပြတိုက်နဲ့ စာကြည့်တိုက်မှာ စုဆောင်းထားရှိပါတယ်။ စာအုပ်မှာ မျက်နှာဖုံးက အင်္ဂလိပ် ဘာသာဖြင့် ပုံနှိပ်ထားပြီး အတွင်းစာသားများအား မြန်မာဘာသာဖြင့် ပုံနှိပ်ထားခြင်း ဖြစ်ပါတယ်။

ခုနက ကိုယ်စားလှယ်တော်ကြီး ဖတ်ကြားသွားတဲ့ စာအုပ်များလည်း ရှိပါတယ်။ ထို့အပြင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှာ ကင်းဝန်မင်းကြီး ပြုစုရေးသားထားတဲ့ ကင်းဝန်စာစု၊ ပုရပိုက်များဟူ၍ (၁၀၀၀)ကျော်ခန့် စုဆောင်းထိန်းသိမ်းထားရှိပါကြောင်း ပြောကြားလို ပါတယ်။ အဲဒီအနက်ကတော့ အောက်ဖော်ပြပါစာအုပ်များကို စုဆောင်းထိန်းသိမ်းထားတယ် ဆိုတာကို လည်း ဖော်ပြလိုပါတယ်။

သမိုင်းသုတေသန ရည်ညွှန်းစာကြည့်တိုက်မှာ ကင်းဝန်မင်းကြီးစာစုဟာ ဘာတွေလဲဆိုတော့ ကင်းဝန်မင်းကြီး စီကုံးအပ်သော တိဏ္ဍိုကပျို့ ထုတ်ဝေတဲ့ ခုနှစ်က အမှတ်(၁၀)စီ၊ ဈေးချိုတော်၊ မန္တလေးမြို့ ၁၉၆၁ ခု၊ နယုန်လ၊ တိုက်ပိုင်အမှတ် (၈၁၉၉)ပါ။ နောက် ကင်းဝန်မင်းကြီး ဦးကောင်း စီရင်တဲ့ ရေးသားတဲ့ အဋ္ဌသံခေပဝဏ္ဏနာကျမ်း၊ Govt Printing and Stationery, Burma 1935၊ တိုက်ပိုင် အမှတ်(၂၇၆၄၉) ပါ၊ ကင်းဝန်မင်းကြီး မျက်တံဆာ၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၃၂၉ ခု သာသနာတော်ခုနှစ် ၁၂၁၁၊ ၁၉၆၈ ခု ထုတ်ဝေတဲ့နှစ်၊ တိုက်ပိုင်အမှတ်(၁၁၈၉၂)၊ ကင်းဝန်မင်းကြီး ကဗျာစု၊ ထုတ်ဝေတဲ့ ခုနှစ်က ဟံသာဝတီပုံနှိပ်တိုက် ၁၃၃၀ ခု၊ သာသနာတော် သက္ကရာဇ် ၁၂၅၁၊ ၁၉၆၈ ခုနှစ်ပါ၊ တိုက်ပိုင်အမှတ် ကတော့ (၁၁၈၉၁) ပါ။

ကင်းဝန်မင်းကြီး စီကုံးရေးသားသော နေမိရကန်၊ ဟံသာဝတီပုံနှိပ်တိုက်က ပိဋကတ် ပုံနှိပ်တိုက်က ၁၉၅၆ ခုနှစ်က ပြန်နှိပ်ပါတယ်။ တိုက်ပိုင်အမှတ် (၂၇၈၁၁)ပါ။ နာနာနယဘာဒ်ကဗျာ ဗန္ဓ ကျမ်း၊ ထုတ်ဝေတဲ့ ခုနှစ်က မန္တလေး၊ (၂၃) စလေဝင်းလမ်း၊ ဗျာနိယာစာပုံနှိပ်တိုက်၊ ၁၂၇၃ ခု၊ တပို့တွဲလ 1912 ပါ။ တိုက်ပိုင်အမှတ်(၁၉၄၆၀) ပါ။ နောက် စာဆိုတော်များ အတ္ထုပတ္တိ၊ ထုတ်ဝေတဲ့ ခုနှစ်က ဟံသာဝတီပုံနှိပ်တိုက်၊ ၁၃၂၀ ခု၊ ၁၉၆၆ ခုမှာ ပြန် ပုံနှိပ်ပါတယ်။ တိုက်ပိုင်အမှတ် (၉၆၈၈)ပါ။ ဓမ္မောဇ မော်ကွန်းနှင့် ရတနာနဒီမော်ကွန်းကိုတော့ ဟံသာဝတီပုံနှိပ်တိုက်က ၁၈၉၅ ခုနှစ်မှာ ပုံနှိပ်ခဲ့တာလည်း ရှိပါတယ်။ ကျွန်တော်တို့ တိုက်ပိုင်အမှတ်ကတော့ (၃၄၄၄၆)၊ ကင်းဝန်မင်းကြီး ပြင်သစ်နိုင်ငံသွား နေ့စဥ် မှတ်တမ်းစာအုပ်ကတော့ ကျွန်တော်တို့ ၂၀၀၇ ခုနှစ်မှာ ရာပြည့်စာအုပ်တိုက်က ပြန်ပုံနှိပ်ခဲ့ပါတယ်။

ကျွန်တော်တို့ဆီမှာတော့ တိုက်ပိုင်အမှတ်(၂၉၂၆၂)ရှိပါတယ်။ မြန်မာသံတော်ကြီးဦးမြိမ့် ၏ ပူတကေစပိန်-အီတာလျံသွားမှတ်တမ်း၊ အဲဒါကတော့ မန္တလေးမြို့တည်၊ နန်းတည်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်နဲ့ ပြန်ပြီးထုတ်ဝေခဲ့ပါတယ်။ ကျွန်တော်တို့ စာကြည့်တိုက်မှာ တိုက်ပိုင်အမှတ်(၆၇၁၀) ရှိပါတယ်။ ကင်းဝန်မင်းကြီး လန်ဒန်မြို့သွားနေ့စဉ်မှတ်တမ်း၊ ပထမ၊ ဒုတိယပေါင်းချုပ်ကတော့ ၂၀၀၈ ခုနှစ်မှာ ရန်ကုန်မြို့ ရာပြည့်စာအုပ်တိုက်က ပြန်ပြီးပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။

အဲဒီတော့ အမျိုးသားစာကြည့်တိုက်၊ နေပြည်တော်မှာတော့ ခုနက ကိုယ်စားလှယ်တော်ကြီး ပြောတဲ့ စာအုပ်များအပြင် စာစုစာရင်းမှာ အကျဉ်းဖတ်ပြရ မယ်ဆိုရင် A Digest of the Burmese Buddhist Law Concerning Inheritance And Marriage, Being A Collection of Texts From Thirty-Six Dhammathats, Volume.I (INHERITANCE) Compared And Arranged Under the Supervision of the HON'BLE U GAUNG, C.S.I, Rangoon; The Superintendent, Government Printing, 1898. ကင်းဝန်မင်းကြီး ဦးကောင်း ၏ ဓမ္မသတ် (၃၆)စောင်တွဲပါ။ အဲဒီတော့ ဒါကတော့ ကျွန်တော်တို့မှာ တိုက်ပိုင်အမှတ် B/ ၃၆၅၀ နဲ့ B/ ၃၆၅၁ ရှိပါတယ်။

ထို့အတူပဲ အလားတူစာအုပ်ကတော့ ခုနကပြောတဲ့အတိုင်းပဲ။ Thirty-Six Dhammathats, Volume II, နောက်တစ်ခါ Translation of A Digest of the Burmese Buddhist Law Concerning Inheritance And Marriage; Being A Collection of Texts From Thirty-Six Dhammathats, Volume I နော်၊ အဲဒါလည်း ထပ်ပြီးတော့ နှိပ်တာ ရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ စာကြည့်တိုက်မှာ B/1687 နဲ့ တောင်းကြည့်ရင် ရပါတယ်။ အဲဒီတော့ ဒါတွေကို ကျွန်တော်တို့ ဖတ်ပြနေရင်တော့ မဆုံးပါဘူး။ ဝန်ကြီးတို့ ပြည့်စုံရန် ဥပဒေဘုရား ခုနက ကိုယ်စားလှယ်ကြီး ပြောသွားတာ၊ အဲဒါလည်း ကျွန်တော်တို့ ရှိပါတယ်။ သာသနာရေးဆိုင်ရာ ဥပဒေ ၁၂၂၈-၁၂၂၉ မှ မြန်မာမင်းများလက်ထက် ဥပဒေများ စာအုပ်(၁) ကတော့ ၁၉၇၂ ခုနှစ်မှာ ပြန်ရိုက်နှိပ်ထားတာ မန္တလေးသမိုင်းဌာနကနေပြီးတော့ ကျွန်တော်တို့ ကူးယူထားတာ ရှိပါတယ်။

နောက်တစ်ခါ ၁၈၇၁ ခုနှစ်၊ မြန်မာ-အီတာလျံစာချုပ်၊ အဲဒါက မြန်မာနိုင်ငံအသင်း၊ သမိုင်းကော်မရှင်မှာ ကျွန်တော်တို့ ၁၉၆၀ ခုနှစ်က ကူးထားတာရှိ ပါတယ်။ ကြည့်ချင်ရင်တော့ မ/၂၂၆ နဲ့ တောင်းကြည့်ရင် ရပါတယ်။ နောက် ၁၈၈၁ ခုနှစ် ယစ်မျိုးအက်ဥပဒေ၊ အဲဒါကတော့ 1887 က ပုံနှိပ်ထားတာပါ။ အဲဒါလည်း ကျွန်တော်တို့ရှိပါတယ်။ အဲဒီတော့ ဒါတွေအားလုံး ဖော်ပြနေတာကတော့ အဲဒီ စာအုပ်တွေဟာ ယဉ်ကျေးမှုဝန်ကြီးဌာနမှာရှိတဲ့ အမျိုးသားစာကြည့်တိုက်များ၊ ယဉ်ကျေးမှုပြတိုက်နဲ့ စာကြည့်တိုက် မန္တလေးတို့မှာ စုဆောင်းထားရှိပါကြောင်း ပြောကြားလိုပါတယ်။ အများပြည်သူများ လေ့လာနိုင်ရေးအတွက် ခွင့်ပြုထားရှိပါတယ်။ အဲဒီတော့ လွှတ်တော်(၃)ရပ်ရှိ စာကြည့်တိုက်များနဲ့ အခြားသက်ဆိုင်ရာ စာကြည့်တိုက်နဲ့ ပြတိုက်အသီးသီးမှာ စုဆောင်းထားရှိလိုရင်၊ အဲဒီလို စုဆောင်းထားရှိလိုလို့ တောင်းခံလာမည်ဆိုပါက ဒီစာအုပ်တွေဟာ ကျွန်တော်တို့ ဒီအတိုင်း ငှားလိုက်လို့တော့ ကိုင်တွယ်လို့ မရတဲ့ အခြေအနေဖြစ်တဲ့အတွက် ကျွန်တော်တို့က ဒါကို ဒီဂျစ်တယ်ပုံစံနဲ့ပေါ့နော် (Digitalization) ကူးပြောင်းပြီးတော့ e-book ပြုလုပ်ပြီး ပေးအပ်နိုင်ပါကြောင်းဖြေကြားရင်း ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ညောင်ဦးမြို့နယ်အတွင်း ကျေးလက်ဒေသ မြစ်ရေ ဖြန့်ဝေရေးလုပ်ငန်းကြီးအား ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ဆောင်ရွက်စေရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးအေး က ညောင်ဦးမြို့နယ်အတွင်း ကျေးလက်ဒေသ မြစ်ရေ ဖြန့်ဝေရေးလုပ်ငန်းကြီးအား ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ဆောင်ရွက်စေရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၇) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ မြစ်ရေ ဖြန့်ဝေရေးလုပ်ငန်းကြီးအား ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလို၍ မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ဦးမြို့နယ်ဟာ အပူပိုင်းဇုန်ဒေသအတွင်း ပါဝင်ပြီးတော့ မိုးရွာသွန်းမှု နည်းပါးတဲ့ဒေသ ဖြစ်တဲ့အတွက် နွေရာသီမှာ သောက်သုံးရေ အခက်အခဲရှိတဲ့ ဒေသဖြစ်ပါတယ်။ တောင်ဇင်း သောက်သုံးရေ ဖြန့်ဝေရေးလုပ်ငန်းကို မဆောင်ရွက်နိုင်မီမှာ ၁၉၅၆ ခုနှစ်က စိုက်ပျိုးရေးလုပ်ငန်းများမှာ ရေဖြန့်ဝေမှု စိုက်ပျိုးရေးစနစ် စမ်းသပ်ခဲ့ပါတယ်။ အဲဒီကနေဆက်ပြီးတော့ ၁၉၆၂ ခုနှစ်မှာ ကျေးရွာများ သောက်သုံးရေ ရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာနသို့ လွှဲပြောင်းဆောင်ရွက်ခဲ့ရာမှာ ပိုက်လိုင်းအရှည်(၁၅)မိုင်၊ ကျေးရွာ(၁၄)ရွာကို ဒီဇယ်ဆီသုံး အင်ဂျင်စက် ရေတွန်းစက်(၃)ရုံနဲ့ ရေဖြန့်ဝေပေးခဲ့ပါတယ်။ အဲဒီကျေးရွာတွေရဲ့ ရေဖြန့်ဝေရေးလုပ်ငန်းကို ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ(၂၅)ရက်နေ့မှာ ဆည်မြောင်းဦးစီးဌာနမှ စက်မှုလယ်ယာဦးစီးဌာနသို့ လွှဲပြောင်းဆောင်ရွက်စေခဲ့ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဆက်သွယ်၍ နိုင်ငံတကာအကူအညီနှင့် ၁၉၇၆ ခုနှစ်မှာ ကျေးရွာရေရရှိရေး လတ်တလော အစီအစဉ်ရေးဆွဲပြီး ကုလသမဂ္ဂများ ရန်ပုံငွေအဖွဲ့နှင့် ဩစတြေးလျဖွံ့ဖြိုးမှု အကူအညီပေးရေးပြုရိုတို့နှင့် ဆက်သွယ်ပြီး ရွာပေါင်း(၉၈)ရွာ

အထိ တိုးချဲ့ရေပေးဝေနိုင်ခဲ့ပါတယ်။ ဒီဇယ်ဆီသုံး၊ အင်ဂျင်သုံး ရေတွန်းစနစ်မှ လျှပ်စစ်ဓာတ်အားသို့ ၁၉၈၁ ခုနှစ်မှာ ပြောင်းလဲပြီးတော့ လျှပ်စစ်ဓာတ်အားလိုင်းနဲ့ ရေပေးဝေခြင်းကို ဆောင်ရွက်ခဲ့ရာမှာ ၁၉၉၅ ခုနှစ်မှာ စက်မှုလယ်ယာဦးစီးဌာနမှတစ်ဆင့် ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ စည်ပင်သာယာရေးဦးစီးဌာနသို့ အဆင့်ဆင့် လွှဲပြောင်းဆောင်ရွက်လျက်ရှိပါတယ် ခင်ဗျား။

လက်ရှိ ရေပေးဝေရေးစနစ်ကို လေ့လာတင်ပြရမည်ဆိုပါက ရေအရင်းအမြစ်ဖြစ်သော ဧရာဝတီမြစ်ရေ အား နတ်သမီးကမ်းပါး ရေတင်စက်ရုံအမှတ်(၁)မှ မြင်းကောင်ရေ(၂၆၈) Horse Power မော်တာ(၂)လုံးနှင့် Vertical Turbine Pump နှင့် (၇၅၀၀၀)ဂါလန်(၂)လုံးနဲ့ တွဲဖက်လျက် နေ့စဉ် အလှည့်ကျ ပျမ်းမျှ (၁၅) နာရီ မောင်းနှင်ပြီး ရေဂါလန်ပေါင်း(၁၁၂၅၀၀၀)ကို ငှက်ပစ်တောင် ဂါလန် (၂)သိန်းဆံ့ ရေစစ်ကံသို့ တွန်းပို့ဖြတ်သန်းစေခဲ့ပြီးတော့မှ ဂါလန်(၈၁၀၀၀၀)ဆံ့ ရေစုကန်သို့ ပေးပို့ခဲ့ရ ပါတယ်။ ရေစက်ရုံအမှတ်(၂)က ငှက်ပစ်တောင်မှာ တည်ရှိပြီးတော့ Pump(၃)ခု ထိုင်ထားပြီးတဲ့ ရေစက်ရုံ ဖြစ်တယ်။ ၎င်းစက်ရုံမှာ Pump(2)၊ Pump(7)၊ Pump(14)တို့ တည်ဆောက်ပြီးတော့ Pump (၃)က မြင်းကောင်ရေ 100 Horse Power Centrifugal Pump ဖြစ်ပြီးတော့ ဂါလန်(၂၀၀၀၀) (၂)လုံးဖြင့် တောင်ဇင်း ရေပေးဝေရေးလိုင်း(၁)သို့ တွန်းပို့လျက်ရှိပါတယ်။ Pump နံပါတ်(၇)က မြင်းကောင်ရေ (၁၂၀) Centrifugal Pump ဂါလန်(၂၀၀၀၀) (၂)စုံ အသုံးပြုပြီးတော့ ပေးပို့ပါတယ်။ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို တင်ပြနေရခြင်းမှာ ဒီလုပ်ငန်းဟာ မြို့ရေပေးရေးနှင့် မြို့ပေါ်ရှိတဲ့ ရပ်ကွက်တွေကို ရေပေးရေးနဲ့ တွဲဖက်ပြီးတော့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ဆောင်ရွက်နေရတဲ့အတွက်ကြောင့် ရေပြတ်လပ်တဲ့အချိန်မှာ နွေရာသီမှာ ကျေးရွာတွေဟာ သောက်သုံးရေ မရရှိကြောင်း ကွင်းဆင်းလေ့လာတဲ့ အခါမှာ အမြဲမပြတ် တင်ပြလျက်ရှိပါတယ်။

သို့ပါ၍ ကျေးရွာ(၉၈)ရွာ ရေပေးဝေရေးလုပ်ငန်း အောင်မြင်စေရေးအတွက် ရေထွက်အား နည်းပြီး လျှပ်စစ်ဓာတ်အား ပိုမိုကုန်ကျနေတဲ့ နေရာမှ မြင်းကောင်ရေ အားနည်းပြီးတော့ ရေထွက်အား ကောင်းမွန်တဲ့ မြင်းကောင်ရေ(၁၄၇)ကောင် ရေမြုပ်မော်တာ တပ်ဆင်ခြင်းလုပ်ငန်းများ ယခုထက် ပိုမိုပြီးတော့ စနစ်တကျ ဆောင်ရွက်စေနိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ထီးချိုင့်မြို့နယ်၊ အင်းတိန်ရွာ ကျေးရွာမီးလင်းရေးကော်မတီနှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) မှ ဦးထွန်းမြင့် က ထီးချိုင့်မြို့နယ်၊ အင်းတိန်ရွာ ကျေးရွာမီးလင်းရေး ကော်မတီနှင့် စပ်လျဥ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကျွန်တော့်အနေဖြင့် ကျေးရွာများ၏ မီးလင်းမှု ဆောင်ရွက်ခွင့်ပြုထားခြင်း ဆိုင်ရာကိစ္စရပ်များကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေး မတိုင်ခင်က ကျွန်တော်တို့ ထီးချိုင့်မြို့နယ်၊ အင်းတိန်ကျေးရွာက ရွာသူရွာသားများက ထီးချိုင့်မြို့ လွှတ်တော်ရုံးကို ပူးတွဲပါစာဖြင့် တင်ပြလာပါတယ်။ ၎င်းစာကို ဖတ်ပြအပ်ပါတယ်။

သို့၊ လွှတ်တော်ကိုယ်စားလှယ်များရုံး၊ ထီးချိုင့်မြို့၊ အကြောင်းအရာ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်မီးလင်းရေးဆိုင်ရာကိစ္စ။ အပိုဒ်(၁) ထီးချိုင့်မြို့နယ်၊ အင်းတိန် ကျေးရွာသည် ၂၀၀၉ ခုနှစ်တွင် (၂၄)နာရီ မီးလင်းရေးကို ဆောင်ရွက်ထားပြီး မီးလင်းနေပြီ ဖြစ်ပါသည်။ ကျေးရွာ မီးလင်းရေးကော်မတီ၏ ကြိုးပမ်းမှုကြောင့် ငွေကြေးများစွာ ကုန်ကျခံခဲ့သည်ကိုလည်း မိမိတို့ နားလည် သိရှိပါသည်။ အပိုဒ်(၂) မိမိတို့ကျေးရွာတွင် ချမ်းသာကြွယ်ဝသူက အနည်းစုဖြစ်ပြီး အများစုမှာ ဆင်းရဲ နွမ်းပါးသူများ ဖြစ်ကြပါသည်။ မီတာ(၁)လုံးကို ကျပ်(၁၂၀၀၀၀၀)သိန်း သတ်မှတ်ထားခြင်းမှာ ဆင်းရဲသော သူတို့ လက်လှမ်းမီသော ငွေကြေးမဟုတ်ပါ။ ယခု(၆)လ တစ်ကြိမ် ကျပ်(၁၀၀၀၀၀၀)နှုန်းဖြင့် ပေးသွင်းလျှင် မီးသွယ်ပေးမည်ဆိုသော စနစ်မှာလည်း ဆင်းရဲသားတို့ လက်လှမ်းမမီပါ။ (၃) မိမိတို့ တင်ပြလိုသည်မှာ ကျေးရွာမီးလင်းရေးသည် စီးပွားရေး လုပ်ငန်းမဟုတ်ပါ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စသာ ဖြစ်ပါသည်။ အမြတ်အစွန်းကို အဓိကမထားသင့် ဟု ယူဆပါသည်။ (၄) တိုင်းရုံးမှ မီတာတစ်လုံးကို ကျပ်(၁၅၀၀၀၀) နီးပါးဖြင့် ထုတ်ယူ၍ ရသည် ဟု ကြားသိရပါသည်။ ထိုသို့ ထုတ်ယူခွင့်ရရှိပါက ရွာတွင် ကျပ်လေးသိန်း နှုန်းဖြင့် မီးသွယ်ပေးပါက မီးလင်းရေးကော်မတီအနေဖြင့် မီတာတစ်လုံးလျှင် ကျပ်နှစ်သိန်းခွဲတိတိ ပိုထွက် လာမည် ဖြစ်ပါသည်။ မီတာများလျှင် များသလို အကျိုးရှိမည် ဖြစ်ပါသည်။ မီးလင်းရေးကော်မတီအနေ ဖြင့်လည်း ပိုငွေများဖြင့် လိုအပ်သည်များအတွက် သုံးစွဲနိုင်ပြီး ကျေးရွာသည်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက် သော ကျေးရွာဖြစ်လာမည် ဖြစ်ပါသည်။

သို့ပါ၍ ဤကိစ္စကို ကျေးရွာမီးလင်းရေး တာဝန်ရှိသူများ၊ မီးလင်းလိုသူများ နှင့် တွေ့ဆုံ ညှိနှိုင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်ဆိုပြီး ဒေါ်ခင်မြ ပါ (၆)ဦး အဖွဲ့ကတင်ပြလာပါတယ်။ ဒါကြောင့် ကျေးရွာမီးလင်းရေးကော်မတီအား လွှတ်တော်ရုံးသို့ဖိတ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် လျှပ်စစ်မှူးတို့နှင့် တွေ့ဆုံပေးပြီး ညှိနှိုင်းပေးသော်လည်းပဲ မည်သို့မှ ညှိနှိုင်း၍ မရခဲ့ပါ။ ဒါကြောင့်မို့လို့ ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒီမေးခွန်းကို အဋ္ဌမအကြိမ် လွှတ်တော်မတိုင်ခင်ကတည်းက တင်ထားတဲ့ မေးခွန်းဖြစ်ပြီး ယခု နဝမအကြိမ်မှ မေးမြန်းခွင့် ရခဲ့ခြင်းလည်း ဖြစ်ပါတယ်။ အင်းတိန်ကျေးရွာ မီးလင်းရေးကော်မတီရဲ့ လုပ်ရပ်ကို မထိန်းချုပ်နိုင်တဲ့အခါမှာ အင်းတိန်ရွာ နဲ့(၂)မိုင်ဝေးတဲ့ အလယ်တောကျေးရွာ မီးလင်းရေး ကော်မတီကလည်း ၎င်းရွာတွင်ရှိတဲ့ ငါးလုပ်ငန်းဦးစီးဌာန ငါးသားပေါက်စခန်းကို သွယ်ပေးထားတဲ့ လျှပ်စစ်မီးကို မီးလင်းရေးရန်ပုံငွေ ငါးသိန်းသာထည့်ပြီး (၂၅)သိန်းပြည့်အောင် မထည့်သောကြောင့် ဟု

ဆိုကာ မီးကို ဖြုတ်ချခဲ့ပါတယ်။ ၎င်းကဲ့သို့ အစိုးရဌာနတစ်ခုကို မလုပ်ရန်အတွက် မလုပ်သင့်ကြောင်းကိုလည်း အဆိုပါ အလယ်တောကျေးရွာ မီးလင်းရေးကော်မတီကို တွေ့ဆုံညှိနှိုင်းပေးခဲ့ပေမယ့် လုံးဝလက်မခံခဲ့ပါဘူး။ လျှပ်စစ်အင်ဂျင်နီယာနဲ့ အုပ်ချုပ်ရေးမှူးတို့လည်း ဘာမှ မတတ်နိုင်ခဲ့ကြပါဘူး။ ဒါဟာ ဘာကို ပြနေသလဲဆိုတော့ အုပ်ချုပ်ရေးမဏ္ဍိုင်ကို ထိပါးတဲ့ စရိုက်လက္ခဏာကို ပြနေတာ ဖြစ်ပါတယ်။

ဒါကြောင့် မေးလိုတဲ့ မေးခွန်းကတော့ ပထမအနေဖြင့် အင်းတိန်ကျေးရွာနဲ့ ပတ်သက်ပြီး နံပါတ်(၁) မီးလင်းရေးကော်မတီမှ မိမိသဘောဖြင့် မီတာ(၁)လုံးလျှင် ကျပ်(၁၂)သိန်း သတ်မှတ်ထားခြင်းကို လျှပ်စစ်ကော်ပိုရေးရှင်း အနေဖြင့် တရားဝင် ခွင့်ပြုထားနိုင်ပါသလား၊ (ခ) ကျေးရွာသည် မီးလင်းသွားပြီးလျှင် မီးလင်းရေးကော်မတီ၏ တာဝန်သည် ပြီးဆုံးသွားပြီ ဟု နားလည်ထားပါသည်။ ထိုကျေးရွာ မီးလင်းရေးကော်မတီကိစ္စအဝဝကို မြို့နယ်လျှပ်စစ်မှူးရုံးမှ တာဝန်ယူ ဆောင်ရွက်ရန် တာဝန် ရှိ၊ မရှိ (၃) ထိုသို့ မီးလင်းရေးကော်မတီ၏ အနိုင်ကျင့်ဗိုလ်လုပ်နေခြင်းကို မည်သူကတားဆီး၍ ကျေးရွာနေ ပြည်သူတို့၏ကိုယ်စား မည်သူက ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ဒုတိယပိုင်းဖြည့်စွက် ထပ်မံတင်ပြထားတဲ့ အလယ်တော ကျေးရွာမီးလင်းရေးကော်မတီက ငါးလုပ်ငန်း ဦးစီးဌာန၏ ငါးသားပေါက်စခန်းကို မီးဖြတ်တောက်ခဲ့ခြင်းကိစ္စကိုလည်းပဲ မည်သို့ ဖြေရှင်းဆောင်ရွက် ပေးမည်ဖြစ်ကြောင်းသိလိုပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လှည်းကူးမြို့နယ်၊ နှုတ်ခမ်းမွှေးသိုက်ကျေးရွာ အရှေ့ခြမ်းနှင့်အနောက်ခြမ်း ဆက်သွယ်သည့် ငမိုးရိပ်ချောင်းကူး တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က လှည်းကူးမြို့နယ်၊ နှုတ်ခမ်းမွှေးသိုက်ကျေးရွာ အရှေ့ခြမ်းနှင့် အနောက်ခြမ်း ဆက်သွယ်သည့် ငမိုးရိပ် ချောင်းကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါဝရပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လှည်းကူးမြို့နယ်၊ နှုတ်ခမ်းမွှေးသိုက်ကျေးရွာ အရှေ့ခြမ်းနှင့် အနောက်ခြမ်း ရွာချင်း ဆက်သွယ်သည့် ငမိုးရိပ်ချောင်းကူး ပေ(၁၈၀)တံတားတစ်စင်း တည်ဆောက်ပေးနိုင်ဖို့အတွက် တင်ပြသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ နှုတ်ခမ်းမွှေးသိုက်၊ ကုက္ကိုတောင်ကျေးရွာတွင် အိမ်ခြေပေါင်း(၃၁၅)အိမ် ရှိပြီး၊ လူဦးရေ(၁၆၀၀)ခန့် နေထိုင်လျက် ရှိပါတယ်။ အ.မ.က ကျောင်းတစ်ကျောင်းရှိပြီး အဆိုပါ ကျောင်းမှာ ချောင်း၏ အနောက်ဘက်ခြမ်းတွင်ရှိ၍

အရှေ့ဘက်ခြမ်းမှ ကျောင်းသား(၅၀)ခန့်မှာ နေ့စဉ်လှေငယ်နှင့် ကူးပြီး ကျောင်းတက်နေရပါတယ်။ အလားတူ လယ်ယာလုပ်ငန်းခွင်ဝင်သူများလည်း နေ့စဉ် လှေငယ်နှင့်သာ ကူးခတ်သွားလာနေကြရပါတယ်။ ထိုကျေးရွာတွင် လယ်ယာလုပ်ငန်းအနေနဲ့ ဧက(၁၆၀၀)ကျော် ရှိပါတယ်။ ချောင်း၏ အနောက်ဘက်ကမ်းတွင် နှုတ်ခမ်းမွှေးသိုက်ရွာ၊ ကုက္ကို တောင်ရွာ၊ ကမ်းနီရွာ၊ မဲဇလီကုန်းရွာ၊ လက်ပံဝဲရွာနှင့် ကျောက်ပုံရွာများ တည်ရှိပြီး ၎င်းကျေးရွာများတွင် အိမ်ခြေအနည်းဆုံး(၁၀၀)မှ (၃၀၀)ထိရှိသော ကျေးရွာများ ဖြစ်ကြပါတယ်။ ၎င်းကျေးရွာများ၏ လူဦးရေစုစုပေါင်းမှာ (၆၀၀၀)ခန့် ရှိပါတယ်။ ချောင်း၏ အရှေ့ဘက်ခြမ်းတွင်လည်း နှုတ်ခမ်းမွှေးသိုက်ရွာတစ်ခြမ်း ရှိသကဲ့သို့ ကလီထော်(အရှေ့) ကျောက္ကဒင်ကျေးရွာ၊ စာဘူးတောင်းကျေးရွာများ တည်ရှိပြီး ၎င်း ကျေးရွာများဟာ ဖောင်ကြီး-လှည်းကူး ကတ္တရာလမ်းပေါ်တွင် တည်ရှိပြီး နှုတ်ခမ်းမွှေးသိုက်ရွာနှင့် ကတ္တရာလမ်းမှာ ပေ(၃၁၀၀)ခန့်ဝေးပြီး ရွာချင်းဆက်လမ်းမှာ အကျယ်(၁၈) ဂဝံလမ်းဖြင့် ခင်းထားပြီး မကြာမီကာလအတွင်း ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် ခင်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားပြီးလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နှုတ်ခမ်းမွှေးသိုက် အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း ဆက်သွယ်မည့် ငမိုးရိပ်ချောင်းကူး တံတားပေအရှည်(၁၈၀) တံတားတစ်စင်း တည်ဆောက်ပေးနိုင်မည်ဆိုပါက ကျေးရွာအုပ်စုရှိ ရွာပေါင်း(၉)ရွာမှ ကျောင်းသား/ကျောင်းသားများ၊ ဝန်ထမ်းများ၊ လက်လုပ်လက်စား ဒေသခံပြည်သူများ နေ့စဉ်နှင့် အမြဲ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မှုအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိနှင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မှု အခြေအနေကိုသိရှိလိုပါ၍ ဒေသခံ ပြည်သူများ၏ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါသည်။ ကျေးဇူးအထူး တင်ရှိပါသည်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၁။**

**ဦးခင်မောင်အေး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ နှစ်သစ်မှာ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ မိမိဒေသအကျိုး၊ မိမိရဲ့ တိုင်းပြည်နိုင်ငံရဲ့အကျိုးကို ဆထက်ထမ်းပိုးသယ်ပိုး ထမ်းဆောင်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေး မေးမြန်းထားတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျွန်တော် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ညောင်ဦးမြို့နယ်အတွင်း ကျေးလက်ဒေသ မြစ်ရေဖြန့်ဖြူးခြင်းလုပ်ငန်းကို ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်

ဆောင်ရွက်စေရန် မေးခွန်းနဲ့ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ကျေးလက်ဒေသ မြစ်ရေတင်စနစ်ဖြင့် ရေဖြန့်ဝေခြင်းလုပ်ငန်းကို ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနကနေ လွှဲပြောင်းလက်ခံပြီးတော့မှ ၁-၁-၂၀၀၂ ခုနှစ်ရက်နေ့ က စတင်ပြီး ညောင်ဦးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ကျေးရွာ(၉၈)ရွာကို နေ့စဉ် ရေဂါလန် (၁၁.၂၅)သိန်း အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိပါတယ်။

မြစ်ရေတင်စနစ်နဲ့ ကျေးလက်ရေပေးရေးလုပ်ငန်းကို ဝန်ထမ်းအင်အား (၂၈)ဦးဖြင့် ရေစက်ရုံ (၁၂)ရုံကတစ်ဆင့် မောင်းနှင်ဖြန့်ဝေလျက်ရှိပြီး တစ်နှစ်မှာ ရေခ ကောက်ခံရရှိငွေ ပျမ်းမျှ ကျပ်(၅၉.၁၅) သန်းခန့် ဖြစ်ပါတယ်။ အသုံးစရိတ်မှာ ဝန်ထမ်းလစာ၊ လျှပ်စစ်ဓာတ်အားခနဲ့ ပြင်ဆင်ထိန်းသိမ်းစရိတ် ကျသင့်ငွေ ပျမ်းမျှကျပ်(၈၅.၃၁)သန်းရှိသဖြင့် နှစ်စဉ် ပျမ်းမျှကျပ်(၂၆.၁၆)သန်းခန့် အရှုံးပေါ်လျက် ရှိပါတယ်။ တောင်ဇင်း ကျေးလက်ရေပေးရေးလုပ်ငန်း၊ နတ်သမီးကမ်းပါးရေစက်ရုံမှာရှိတဲ့ မြင်းကောင်ရေ 147 HP ရှိတဲ့ Submersible Pump မှာကို အလှည့်ကျ မောင်းနှင်နိုင်ရန်အတွက် အရန်ရေ Pump တစ်လုံး ဝယ်ယူတပ်ဆင်ခြင်း၊ ရေစက်ရုံ(၁၂) ရုံမှာရှိတဲ့ Pump နဲ့ Motor များ အကြီးစားပြုပြင်ခြင်း၊ ပိုက်လိုင်းများ ပြင်ဆင်ခြင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာ ဆက်စပ်ပစ္စည်းများ လဲလှယ်တပ်ဆင်ခြင်းနှင့် ရေတပ်ဆင်မှု စနစ် ဆောင်ရွက်ခြင်းအတွက် စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ကျပ်(၂၂၀)သန်း ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှ မေးမြန်းလာတဲ့ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ မြစ်ရေဖြန့်ဝေခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံမှ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကနေပြီးတော့မှ လွှဲပြောင်းလက်ခံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။

နောက်ဆက်လက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမြင့် ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ဆက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းဖြစ်တဲ့ ထီးချိုင့်မြို့နယ်၊ အင်းတိမ်ရွာမှာ ကျေးလက်မီးလင်းရေး ကော်မတီနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကိစ္စကို ကျွန်တော်တို့ နောက်ထပ် ထပ်ဖြည့်စွက်တာရောဆိုရင် မေးခွန်း (၃)ခု မေးမြန်းထားတာကို ကျွန်တော် မှတ်သားမိပါတယ်။

အဲဒီတော့ တစ်အချက်အနေနဲ့ ကျွန်တော်တို့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ ကျေးလက် မီးလင်းရေး ဆောင်ရွက်တဲ့နေရာမှာ မီးလင်းရေးကော်မတီကို ကျေးရွာပြည်သူလူထုရဲ့ သဘောတူညီချက်နဲ့ ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ အဲဒီ မီးလင်းရေးကော်မတီအဖွဲ့မှာ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ အတွင်းရေးမှူး၊ စာရင်းစစ်နဲ့ ဘဏ္ဍာရေးမှူးများကို ကျေးရွာပြည်သူလူထုရဲ့ သဘောဆန္ဒဖြင့် ရွေးချယ်တင်မြှောက် ထားခြင်း ဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေး ဆောင်ရွက်တဲ့နေရာမှာ၊ ကုန်ကျငွေများကို ငွေစာရင်း ရှင်းလင်းခြင်း လုပ်ဆောင်တဲ့နေရာမှာ ကျေးရွာလူထုရှေ့မှာ ဆောင်ရွက်ရပါတယ်။ မီးလင်းရေးကော်မတီ များဟာ ကျေးရွာလူထုမှ မကြိုက်ပါက မီးလင်းရေးကော်မတီအဖွဲ့သစ်ကို ပြန်လည်ရွေးချယ်တင်မြှောက် ကြရမှာ ဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့ရဲ့ ဆောင်ရွက်ချက်များ မှန်ကန်မှု မရှိပါက တရားစွဲဆိုရန်သာ ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့်လည်း မီတာတစ်လုံးမှာ မည်၍ မည်မျှကောက်ခံရမည်လို့ ခွင့်ပြုသတ်မှတ်ထားခြင်း မရှိပါ။ ကျေးရွာအတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်း

ပမာဏအရ ကုန်ကျစရိတ်များကို မျှဝေကျခံရန် သတ်မှတ်ခြင်းသည် မီးလင်းရေးကော်မတီရဲ့ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

ကျေးရွာအတွင်းမှာရှိတဲ့ ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ ထရန်စဖော်မာ ချို့ယွင်း၍ ပြုပြင်ခြင်းလုပ်ငန်းများအား ကျေးရွာမီးလင်းရေးကော်မတီ မှ တာဝန်ယူပြုပြင်ထိန်းသိမ်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လောလောဆယ်မှာ ဌာနအနေဖြင့် လိုင်းဝန်ထမ်း၊ ဖွဲ့စည်းပုံအင်အား သတ်မှတ်ချက်နှင့် ကန့်သတ်ချက် ရှိခြင်းအပြင် ကျေးရွာများမှာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနဲ့ အလှမ်းဝေးကွာခြင်းတို့ကြောင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လတ်တလောမှာ မီးလင်းရေးကော်မတီမှ တာဝန်ယူဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

ကျေးရွာမီးလင်းရေးကော်မတီကို ကျေးရွာလူထုများမှ ရွေးချယ် တင်မြှောက်ထားခြင်းဖြစ်၍ လက်ရှိကော်မတီကို ကျေနပ်မှုမရှိပါက မီးလင်းရေးကော်မတီအဖွဲ့သစ်အား အများပြည်သူလူထုရဲ့ဆန္ဒအရ ပြန်လည်ရွေးချယ် ဖွဲ့စည်းနိုင်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဟာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မီးမရရှိသေးတဲ့ ကျေးရွာများကို ဦးစားပေးပြီးတော့မှ လောလောဆယ်မှာ ဆိုလာစနစ် အသေးစားရေအားလျှပ်စစ်နှင့် မီးပေးတဲ့စနစ်၊ ဇီဝဓာတ်ငွေ့ဒြပ်ထုဖြင့် မီးရရှိရေး ဆောင်ရွက်ပေးနေပါတယ်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ကိစ္စရပ်က ကိုယ်တိုင်ပါဝင်ဆောင်ရွက်တဲ့ ရပ်ရွာလူထုဗဟိုပြုလုပ်ငန်းရပ်ဖြစ်သဖြင့် များစွာမှ အားပေးသင့်တဲ့ကိစ္စလည်း ဖြစ်ပါတယ်။ ပြဿနာဖြစ်ပွား ပေါ်ပေါက်လာပါကလည်း အများဆုံးဖြတ် ချက်နဲ့အညီ ဖြေရှင်းနိုင်ရန် လိုအပ်မည် ဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ ဒုတိယသိလိုတဲ့မေးခွန်းနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ ကော်မတီများရဲ့ လုပ်ဆောင်ချက်နဲ့ပတ်သက်ပြီး မြို့နယ်တွေမှာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ နောက် ကျေးရွာဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီတွေ ကျွန်တော်တို့ရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖြစ်ပေါ်လာတဲ့ ပြဿနာတွေ အားလုံးကို ဒီကော်မတီတွေရဲ့ မြို့နယ်အဆင့်နဲ့ ကျွန်တော်တို့ ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်ဖို့ ကျွန်တော်တို့ လုပ်ရမှာဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ ဆောင်ရွက်တဲ့ ဒီနေရာမှာလည်းပဲ မဆောင်ရွက်ခင်မှာ ကျေးရွာမီးလင်းရေးကော်မတီတွေကို ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ မီးလင်းရေးကော်မတီများ ဝန်ခံကတိပြု၍ လိုက်နာဆောင်ရွက်ရန် အချက်ဆိုတဲ့ (၂၄)ချက်ကို ထုတ်ပြန်ထားပြီးတော့မှ သူတို့ကိုယ်တိုင် လက်မှတ်ရေးထိုးထားတာ ဖြစ်ပါတယ်။

အဲဒီအထဲမှာ ကျွန်တော်တို့ နံပါတ်(၂၄)ချက်မြောက်မှာ ဘာပါသလဲဆိုရင် ကျေးရွာမီးလင်းရေးကော်မတီဝင်များသည် ကျေးရွာလူထုထံမှ ကောက်ခံရရှိသော ငွေများကို ကျေးရွာမီးလင်းရေးနှင့် သက်ဆိုင် အကျိုးဝင်သော လုပ်ငန်းကိစ္စများတွင် အသုံးမပြုဘဲ အလွဲသုံးစားပြုလုပ်ခြင်း၊ မမှန်မကန်ပြုလုပ်ခြင်း၊ မသမာသောနည်းဖြင့် သုံးစွဲခြင်း စသည်တို့ကို ပြုလုပ်ပါက ကျေးရွာလူထုကိုယ်စား၊ ဝန်ကြီးဌာန၏ကိုယ်စား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ကျေးရွာလူထုကိုယ်စားလှယ် နှင့်အတူ တရားလို ပြုလုပ်၍ မီးလင်းရေး ကော်မတီများအား တရားစွဲဆိုမည်ဖြစ်ကြောင်းကို သိရှိနားလည်ပါကြောင်း ဝန်ခံကတိပြုပါသည် ဆိုပြီးတော့မှ ဒီအချက်တစ်ချက်လည်း ပါပြီး ကျွန်တော် လက်မှတ်ထိုးထားပြီး ဖြစ်ကြောင်းကို ဒုတိယမေးခွန်းကို ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ်။

တတိယအချက်ဖြစ်တဲ့ ငါးလုပ်ငန်းဦးစီးဌာနနဲ့ ပတ်သက်ပြီးတော့မှ အဲဒီကျေးရွာကနေ သွယ်တဲ့နေရာမှာ ကန့်ကွက်တဲ့ကိစ္စတွေမှာ ဒါကိုတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးနဲ့လည်း ဆွေးနွေးပြီး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ ခုနက ကျွန်တော် တင်ပြခဲ့တဲ့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ကျေးရွာ ဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီ၊ နောက်တစ်ခါ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တွေနဲ့ ဆွေးနွေးပြီးတော့မှ ကွင်းဆင်းညှိနှိုင်းစစ်ဆေးပြီးတော့မှ တကယ်လို့များ ကျွန်တော်တို့ လိုအပ်လို့ ရှိရင် အောက်ခြေမှာ တကယ် အခက်အခဲလည်း ဖြစ်တယ်ဆိုရင် ဌာနရဲ့ဘတ်ဂျက်မှာ ထိုက်သင့်သလို ထည့်သွင်းပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

နောက်တစ်ခါ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်ဆက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော် အနောက်ကျေးရွာအုပ်စု၊ နှုတ်ခမ်းမွှေးသိုက် အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း ဆက်သွယ်တဲ့ ငမိုးရိပ်ချောင်းကူးတံတားမှာ (၂၈၂ ပေ x ၁၄ ပေ x ၅၀ ပေ)  လက်ရှိ ဝါးတံတားဖြစ်ပြီး ကျေးရွာ(၇)ရွာ၊ အိမ်ခြေ(၅၅၀)၊ လူဦးရေ(၂၁၅၀)ဦး အသုံးပြု လျက်ရှိတာကို တွေ့ရှိရပါတယ်။ အဲဒီတံတား ဘိုးပိုင်သံကူကွန်ကရစ်တံတား တည်ဆောက်မည်ဆိုပါက ငွေကျပ်(၅၆၄)သန်း ကုန်ကျမည် ဖြစ်ပါတယ်။

လှည်းကူးမြို့နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် (၇၁၄.၁၁၁)သန်းဖြင့် ဖောင်ကြီးဈေးကတ္တရာ (၀/၃)ဖာလုံ၊ မအူကျေးရွာဆက် ကျောက်ချောလမ်း (၃/၀)မိုင်၊ နှုတ်ခမ်းမွှေးသိုက်-ကမ်းနီ မြေသားလမ်း (၂)မိုင်နဲ့(၆)ဖာလုံ၊ ဒါးပိန်ရွာတွင်း ကတ္တရာလမ်း (၁)မိုင် (၄)ဖာလုံ၊ နန္တိရွာတွင်း မြေသားလမ်း (၁)မိုင် (၂)ဖာလုံနှင့် သစ်သားတံတား(၁၃၀)ပေ၊ ရေပြွန်(၆၀)ပေ ဆောင်ရွက်ရန် လျာထားခွင့်ပြုပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာသော ငမိုးရိပ်ချောင်းကူး သံကူ ကွန်ကရစ်တံတား (၂၈၂ ပေ x ၁၄ ပေ x ၅၀ ပေ) ကို မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့  ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ပါဝင်ခြင်း မရှိပါကြောင်းနှင့် ကျေးရွာလိုအပ်ချက်များ တင်ပြရာတွင် ကျေးရွာဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့များမှ စာရင်းပြုစု၍ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့၏ စိစစ် ထောက်ခံချက်နှင့်အတူ ဦးစားပေး အစီအစဉ်ဖြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ မှတစ်ဆင့် တင်ပြတောင်းခံ သွားရန်နှင့် ဆက်လက်တင်ပြလာပါက နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ယခုကဲ့သို့ စိတ်ပါ ဝင်စားစွာ မေးမြန်းပေးကြတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို ၂၆-၆-၂၀၁၃ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းပြီး ၅-၈-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၁-၂၀၁၄ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂-၁၀-၂၀၁၃ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းပြီး ၁၄-၁၀-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သောပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၁-၂၀၁၄ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင် ဆွေးနွေးနိုင်ရန် ပေးပို့လာသော တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂-၁၀-၂၀၁၃ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းပြီး ၁၄-၁၀-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၁-၂၀၁၄ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော် ပထမနေ့အစည်းအဝေးရပ်နားကြောင်းနှင့် ဒုတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကိုရပ်နားပါမယ်။ ပထမ အကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၀၅ နာရီ အချိန်တွင် ရပ်နားပါသည်။]